FIGHTING FOR OUR FUTURE

IUF 28TH CONGRESS

Geneva, June 13-16, 2023

# ၀၁ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ရရှိရေးနှင့် လူ့အခွင့်အရေး ခုခံကာကွယ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်

၂၈ ကြိမ်မြောက် IUF ညီလာခံကြီးသည် မြန်မာနိုင်ငံမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စစ်အာဏာသိမ်းမှုကို ရှုံ့ချပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြန်လည်ရရှိရေးအတွက် ရဲရင့်စွာ ကြိုးပမ်း လုပ်ဆောင်နေကြသူ မြန်မာပြည်သူ အားလုံးတို့နှင့် သွေးစည်းညီညွတ်စွာ ရှိနေပါကြောင်း  ဖော်ပြလိုပါသည်။

ညီလာခံကြီးမှ နိုင်ငံတော် စီမံအုပ်ချုပ်မှု ကောင်စီ (SAC) ၏ တရားမဝင် စစ်အစိုးရကို ပယ်ချပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကျင်းပရန်ရာထားသည့် အတုအယောင် ရွေးကောက်ပွဲကို ရှုံ့ချပါသည်။ IUF အဖွဲ့ဝင်များအနေဖြင့် ဒီမိုကရေစီ အစိုးရအားလုံး အဲဒီရွေးကောက်ပွဲကို ပယ်ချရန်နှင့် ဒီမိုကရေစီပြန်လည်ရရှိစေရန်မှာ ရွေးကောက် ပွဲသည် “တိုးတက်မှု” လက္ခဏာ တခုအဖြစ် တောင်းဆိုမှုကို လက်မခံရန် လှုပ်ရှားမှုများ ပြုလုပ်ကြရမည်။ ပိတ်ဆို့ အရေးယူမှုများ ဆက်လက်တည်ရှိနေရမည်ဖြစ်ပြီး စစ်အစိုးရအပေါ် ဖိအားပေးမှုများ ဆက်လက်ထားရှိရမည်။

အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ကို မြန်မာပြည်သူလူထု၏ တရားဝင်အစိုးရအဖြစ် ညီလာခံကြီးမှ အသိအမှတ် ပြုပါသည်။ အထူးသဖြင့် အမျိုးသားညီညွတ်ရေး အစိုးရ၏ အလုပ်သမားဝန်ကြီးဌာန (NUG-MOL) ကို ပံ့ပိုး ကူညီရန် အတွက် ညီလာခံကြီးမှ ကတိကဝတ်ပြုပြီး အလုပ်သမားစံနှုန်းများကို ပြဋ္ဌာန်းရန်နှင့် သမဂ္ဂ၊ အလုပ်သမား တို့၏ အခွင့် အရေးများကို အကာအကွယ်ပေးရန်အတွက် နည်းပညာအရည်အသွေး အားကောင်းစေရန် ၎င်းတို့၏ ဒီမိုကရေစီ အစိုးရ များအနေဖြင့် NUG-MOL နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ကြစေရန် IUF အဖွဲ့ဝင်များကို တောင်းဆိုပါသည်။

မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံ ကုန်သွယ်မှုပြုနေသော စီးပွားရေးလုပ်ငန်းအားလုံး အထူးသဖြင့် စစ်တပ်၊ စစ်အုပ်စု သို့မဟုတ် ၎င်းတို့၏ ခရိုနီများနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်နေသူများအားလုံးနှင့် ကျယ်ပြန့်သော ပိတ်ဆို့အရေးယူမှုများ အရှိန်မြှင့်တင်ရန် ညီလာခံကြီးမှ တောင်းဆိုပါသည်။

အကျဉ်းကျခံနေရသော အလုပ်သမားခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ တရားစွဲခံထားရသူများ၊ အဖမ်းခံထားရ သူများတို့နှင့် သွေးစည်းညီညွတ်မှု ရှိနေပါကြောင်း ညီလာခံကြီးက ဖော်ထုတ်ပြောကြားလိုပါသည်။ ဖမ်းဝရမ်း အထုတ်ခံထားရသည့် ကြားက အလုပ်သမားနှင့် သမဂ္ဂအခွင့်အရေးအတွက် သတ္တိရှိရှိ ဆက်လက်ကြိုးပမ်း ဆောင် ရွက်နေသော IUF ၏ အဖွဲ့ဝင် FWFM နှင့် AFFM ခေါင်းဆောင်များထံ ညီလာခံကြီးမှ သွေးစည်းညီညွတ်မှုကို ထပ်

လောင်းပေးလိုပါသည်။ IUF အာရှပစိဖိတ်ဒေသဆိုင်ရာ အဖွဲ့အစည်းမှ တဆင့် မြန်မာနိုင်ငံက FWFM၊ AFFM နှင့် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များကို ပံ့ပိုးကူညီရန် IUF အဖွဲ့ဝင်များက ကတိပြုပါသည်။

မြန်မာနိုင်ငံမှာ အလုပ်လုပ်နေကြသူ ပြည်သူများနှင့် သွေးစည်းညီညွတ်မှု အပြည့်အဝ ထပ်လောင်းပေးကြရန်နှင့် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့် ရသည့်တိုင် ဤသွေးစည်းညီညွတ်မှုကို ထိန်းသိမ်းထားပါရန် IUF အဖွဲ့ဝင်များကို မေတ္တာရပ်ခံပါသည်။